# လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုတွင် စိုက်ပျိုးရေးထုတ်ကုန်တန်ဖိုးကွင်းဆက်၏ အရေးပါမှု

ဒေါက်တာသိင်္ဂီမြင့်၊ ဒေါက်တာဟန်နီလင်းလင်း

စိုက်ပျိုးစီးပွားပညာဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

**တောင်သူနည်းပညာဆွေးနွေးပွဲ၊**

**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်၊ စုဝေးခန်းမ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

# စိုက်ပျိုးရေးထုတ်ကုန်တန်ဖိုးကွင်းဆက်ဆိုသည်မှာ

စိုက်ပျိုးထုတ်လုပ်ခြင်းမှစ၍ ကုန်ချောပြုလုပ်ခြင်း၊ တင်ပို့ရောင်းချခြင်းဖြင့် စားသုံးသည့်အထိ တန်ဖိုးထည့်ပေါင်းခြင်း လုပ်ဆောင်သည့် လုပ်ငန်းအဆင့်ဆင့်”







# စိုက်ပျိုးရေးထုတ်ကုန်တန်ဖိုးကွင်းဆက်ဆိုသည်မှာ (အဆက်)



**အခွံပါမြေပဲတောင့်**

\+ အခွံချွတ် လုပ်ငန်းစဉ် (တန်ဖိုး ထည့်ပေါင်းခြင်း)

\+ သန့်စင်မှု (မြင့်မား) (တန်ဖိုး ထည့်ပေါင်းခြင်း) =



**အခွံမပါမြေပဲလုံးဆံ**

သန့်စင်မှု (နဲပါး) (တန်ဖိုး ထည့်ပေါင်းခြင်း) =



**အခွံမပါမြေပဲ ဆီဆံ**

\+ **ကြိတ်ခွဲခြင်း** (တန်ဖိုး ထည့်ပေါင်းခြင်း) =



**မြေပဲဆီ**

- မြေပဲတောင့်တစ်တင်းရဲ့ ဈေးနဲ့ အခွံချွတ်သန့်စင်ခြင်းလုပ်ငန်းစဉ် တန်ဖိုးထည့်ပေါင်းထားတဲ့ လုံးဆံရဲ့ ဈေး၊ ဆီဆံ ရဲ့ ဈေးများ ကွာခြား၊ တန်ဖိုးထည့်ပေါင်းထားတဲ့ ထုတ်ကုန်က ဈေးပိုရ
- အလားတူ နောက်တဆင့် ကြိတ်ခွဲခြင်း တန်ဖိုး ထည့်ပေါင်းလိုက်တဲ့ ဆီဈေး က ပိုရ

**အကျိုးအမြတ် = တန်ဖိုးထည့်ပေါင်းခြင်းမှရရှိလာသောပြန်ရချက် - တန်ဖိုးထည့်ပေါင်းကုန်ကျစရိတ်**

# စိုက်ပျိုးရေးထုတ်ကုန်တန်ဖိုးကွင်းဆက်ဆိုသည်မှာ (အဆက်)

စိုက်ပျိုးရေးထုတ်ကုန် တစ်ခုကို စိုက်ခင်းတွင် ထုတ်လုပ်သည်မှ စပြီး နောက်ဆုံး စားသုံး သည်အထိ အဆင့်တစ်ခုစီတွင် တန်ဖိုးဖြည့်စွက်မှုများကို ဖော်ဆောင်ပေးသည့် **လူပုဂ္ဂိုလ်များနှင့် လုပ်ငန်းစဉ်**များကို လေ့လာခြင်း

## ဘယ်သူတွေပါဝင်သလဲ။

- စိုက်ပျိုးရေးသွင်းအားစုထောက်ပံ့ရောင်းချသူများ
- စိုက်ပျိုးထုတ်လုပ်သူတောင်သူဦးကြီးများ
- ကုန်သည်များ (ပွဲစားများ၊ ကြိတ်ခွဲရောင်းချသူများ၊ ပြုပြင်စီမံထုတ်ပိုးသူများ၊ လက်ကားရောင်းချသူများ စသဖြင့်)
- ပြည်ပသို့တင်ပို့ရောင်းချသူများ၊ တင်သွင်းသူများ
- လက်လီရောင်းချသူများ
- စားသုံးသူများ

## ဘာလုပ်ငန်းတွေလုပ်ဆောင်ကြသလဲ။

- စိုက်ပျိုးရေးသွင်းအားစုပံ့ပိုးခြင်း
- စိုက်ပျိုးထုတ်လုပ်ခြင်း
- သယ်ယူပို့ဆောင်ခြင်း
- ကြိတ်ခွဲခြင်း၊ ပြုပြင်စီမံထုတ်ပိုးခြင်း
- လက်ကားတင်ပို့ဖြန့်ဖြူးရောင်းချခြင်း
- ပြည်ပသို့ တင်ပို့ခြင်း
- ပြည်တွင်းတွင်ရောင်းချခြင်း
- လက်လီရောင်းချခြင်း စသဖြင့်…

# စိုက်ပျိုးရေးထုတ်ကုန်တန်ဖိုးကွင်းဆက်တွင် ပါဝင်သူများ၊ လုပ်ငန်းစဉ်များ

| | | | | | |
|---|---|---|---|---|---|
| **လုပ်ငန်းစဉ်** | သွင်းအားစု ထောက်ပံ့ခြင်း | စိုက်ပျိုးထုတ် လုပ်ခြင်း | ကြိတ်ခွဲခြင်း၊ ပြုပြင်စီမံ ထုတ်ပိုးခြင်း | ကုန်ချောဝယ်ယူ ရောင်းချခြင်း | ကုန်ချောဝယ်ယူ စားသုံးခြင်း |
| **ပါဝင်သူများ** | **သွင်းအားစု ရောင်းချသူများ** | **တောင်သူ ဦးကြီးများ** | **ကုန်သည်ပွဲစားများ၊ ကြိတ်ခွဲသူများ** | **လက်လီ၊လက်ကား ရောင်းချသူများ** | **စားသုံးသူများ** |
| **ဆောင်ရွက်မှုများ** | ▪ သွင်းအားစုများကို သိုလှောင်ခြင်း<br>▪ တောင်သူများထံ လက်ငင်း/အကြွေး စနစ်ဖြင့် ရောင်းချခြင်း | ▪ သွင်းအားစုများ ဝယ်ယူသုံးစွဲခြင်း<br>▪ သီးနှံစိုက်ပျိုးခြင်း<br>▪ ရိတ်သိမ်းခြင်း<br>▪ သန့်စင်ခြင်း<br>▪ သိုလှောင်ခြင်း<br>▪ ရောင်းချခြင်း | ▪ သီးနှံဝယ်ယူခြင်း<br>▪ ပို့ဆောင်ခြင်း<br>▪ စံခွဲခြင်း<br>▪ သိုလှောင်ခြင်း<br>▪ ရောင်းချခြင်း<br>▪ ကြိတ်ခွဲခြင်း<br>▪ သန့်စင်ခြင်း<br>▪ ကုန်ချောထုတ်ခြင်း | ▪ ကုန်ချောဝယ်ယူခြင်း<br>▪ သယ်ဆောင်ခြင်း<br>▪ ထုတ်ပိုးခြင်း<br>▪ ရောင်းချခြင်း | ▪ ကုန်ချောဝယ်ယူ စားသုံးခြင်း |

# စိုက်ပျိုးရေးထုတ်ကုန်တန်ဖိုးကွင်းဆက်သည် တသမတ်တည်း တည်ရှိနေလား......?????

စိုက်ပျိုးရေးထုတ်ကုန်တန်ဖိုးကွင်းဆက်ပုံစံ၊ ပါဝင်သူ၊ ဆောင်ရွက်သည့်လုပ်ငန်းစဉ်များသည် ကွာခြား၊

- သီးနှံအမျိုးအစား (ကောက်ပဲသီးနှံ၊ ဟင်းသီးဟင်းရွက် စသဖြင့်)
- ထုတ်လုပ်သည့်ကုန်ချောအမျိုးအစား (ဆန်၊ ဆန်ခေါက်ဆွဲ၊ မြေပဲ၊နှမ်း၊ ဆီ၊ စသဖြင့်)
- ရောင်းချသည့်  စျေးကွက် (နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စသဖြင့်၊ ပြည်တွင်း၊ပြည်ပ စသဖြင့်)


စိုက်ပျိုးရေးထုတ်ကုန်တန်ဖိုးကွင်းဆက်တွင် ပါဝင်သူ၊ ဆောင်ရွက်သည့်လုပ်ငန်းစဉ်များ ကွာခြားသလို

စိုက်ပျိုးရေးထုတ်ကုန်တန်ဖိုးကွင်းဆက်တခုတွင် ပါဝင်သူများ၏ အကျိုးအမြတ်များလဲ ကွာခြား။

# စိုက်ပျိုးရေးထုတ်ကုန်တန်ဖိုးကွင်းဆက်ကို လေ့လာခြင်းဖြင့် ဘာတွေသိနိုင်မလဲ.....?????

- ဘယ်သူတွေပါဝင်သလဲ...?
- ဘယ်ဈေးကွက်ကို ရောင်းချနေကြသလဲ ...?
- ဘယ်လိုပုံစံနဲ့ ထုတ်လုပ်တန်ဖိုးထည့်ပေါင်းရောင်းချနေကြသလဲ ...?
- တောင်သူများကရော တန်ဖိုးထည့်ပေါင်းခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်လုပ်ဆောင်နေကြလား ...?
- ပွဲစားကနေတဆင့်ရောင်းနေတာလား ...?
- ကိုယ်တိုင် ဈေးကွက်သို့ တင်ပို့ရောင်းချနေတာလား ...?
- တခြားပါဝင်သူတွေက အကျိုးအမြတ်ရရှိနေလား ...?
- ပါဝင်သူများအကြား အကျိုးအမြတ်ရရှိမှုတွေက ကွာခြား သလား ...?
- ပါဝင်သူတွေက တန်ဖိုးကွင်းဆက်တွင် ကြုံတွေနေရတဲ့ အခက်အခဲ၊ စိန်ခေါ်မှုတွေက ဘာတွေလဲ ...?

# စိုက်ပျိုးရေးထုတ်ကုန်တန်ဖိုးကွင်းဆက်လေ့လာခြင်း




**အခက်အခဲနှင့်စိန်ခေါ်မှုများ**

- **စိုက်ပျိုးသူ** - အရည်အသွေးကောင်းမျိုးရရှိမှုနည်းပါးခြင်း၊ အလုပ်သမားရှားပါးမှု၊ချေးငွေရရှိမှု မလုံလောက်ခြင်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာအားနဲခြင်း
- **ကုန်သည်များနှင့်ဆီစက်ပိုင်ရှင်များ** - ကုန်ကြမ်းအရည်အသွေးနည်းပါးခြင်း၊ အရည်အသွေးကောင်းကုန်ပစ္စည်းထုတ်လုပ်ရန် သိုလှောင်ရုံများ၊ တခြားလိုအပ်သည့် နေရာများတွင် ရင်းနှီးမြှပ်နှံရန် ငွေကြေးလိုအပ်ခြင်း၊ ချေးငွေလိုအပ်ခြင်း
- **ပြုပြင်စီမံရောင်းချသူများ** - အလုပ်သမားရှားပါးခြင်း၊ နည်းပညာလိုအပ်ခြင်း၊ သိုလှောင်ရုံများလိုအပ်ခြင်း
- **တင်ပို့သူများ** - ကုန်ပစ္စည်းအရည်အသွေးနည်းပါးခြင်း၊ ခေတ်မီနည်းပညာများအား'နည်းခြင်း၊ သိုလှောင်ရုံများလိုအပ်ခြင်း၊ ဓာတ်ကြွင်းအာနိသင် စစ်ဆေးရန် ဓာတ်ခွဲခန်းမရှိခြင်း


**မကွေးမြို့နယ်များတွင် စိုက်ပျိုးထုတ်လုပ်သော နှမ်းတန်ဖိုးကွင်းဆက်၏ အဓိကလုပ်ငန်းစဉ်များအား လေ့လာခြင်း**

Source – Theingi Myint and Yee Mon Aung, 2019, Assessment of Value Chain Management of Sesame in Pwint Phyu Township,Magway Region, Myanmar

# စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် စိုက်ပျိုးရေးထုတ်ကုန် တန်ဖိုးကွင်းဆက်၏ အရေးပါမှု

- သီးနှံကဏ္ဍတစ်ခုဖွံ့ဖြိုးတိုးတက်စေရန် တန်ဖိုးကွင်းဆက်၏ အစိတ်အပိုင်းများကိုသာ ဆန်းစစ်ခြင်းထက် တန်ဖိုးကွင်းဆက်ကြီး တစ်ခုလုံးကို ဆန်းစစ်ဖို့လို
- ပြည်တွင်း၊ပြည်ပဈေးကွက်ရရှိ၍ ဈေးကောင်းရရှိစေရန် ထုတ်ကုန်အရည်အသွေး ကောင်းနေဖို့ လို
- တောင်သူက ထုတ်လုပ်လိုက်တဲ့သီးနှံ (ကုန်ကြမ်း) ဟာ အရည်အသွေးကောင်းမှသာ အရည်အသွေးပြည့်မီတဲ့ကုန်ချော စားသုံးသူထံ ပို့ပေးနိုင်မည်ဖြစ်
- တောင်သူအနေနဲ့ ကွင်းဆက်တစ်ခုလုံးအနေဖြင့် ဈေးကွက်လမ်းကြောင်းမှာ မိမိအတွက် အားအသာဆုံးနေရာကနေ ရွေးချယ်ပါဝင်တတ်ဖို့လို (သီးနှံကို ဘယ်လမ်းကြောင်းကနေ ရောင်းချမလဲ၊ ပွဲစားဆီ ရောင်းမလား၊ ပွဲရုံသို့သွားရောင်းမလား။ ဒါမှမဟုတ် သီးနှံကို ကြိတ်ခွဲပြုပြင်ပြီးမှ ရောင်းချမလား)
- နိုင်ငံတကာယှဉ်ပြိုင်နိုင်စွမ်းရှိသော အသိအမှတ်ပြုသည့် သီးနှံတန်ဖိုးကွင်းဆက် အကောင်အထည်ဖော်ရန် တန်ဖိုးကွင်းဆက်တွင် ပါဝင်ဆောင်ရွက်သူအားလုံးပါဝင်သော ချိတ်ဆက်မှု အားကောင်းရန် လိုအပ်
- ကုန်သည်ပွဲစားများမှ တောင်သူများထံ ဈေးကွက်အနေအထား၊ ဈေးကွက်တောင်းဆိုတဲ့ အရည်အသွေး လိုအပ်ချက် အချက်အလက်များကို မျှဝေရမှာဖြစ်သလို တောင်သူများမှလဲ လိုအပ်တဲ့ အရည်အသွေးပြည့်မီတဲ့ သီးနှံများကို ဈေးကွက်လိုအပ်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်ပေးရန် လိုအပ်
- ဈေးကွက်မျှော်လင့်ချက်နဲ့ကိုက်ညီဖို့အတွက် တန်ဖိုးကွင်းဆက်တစ်လျှောက်လုံး ထုတ်လုပ်မှု၊ စွမ်းဆောင်ရည်တိုးမြှင့်ရန်၊ အရည်အသွေး တိုးမြှင့်ဖို့ လုပ်ဆောင်သင့်

# စိုက်ပျိုးရေးထုတ်ကုန်တန်ဖိုးကွင်းဆက်ရှိ စီးဆင်းမှုကြီး (၃)ခု




**ငွေကြေးစီးဆင်းမှု**

- စိုက်ပျိုးသူများအပါအဝင် ကွင်းဆက်တွင် ပါဝင်နေသူများအား ချေးငွေ၊ အကူအညီများ ပေးအပ်ခြင်း
- ကုန်ပစ္စည်းများ ရောင်းချရာမှ ရရှိသော ငွေကြေးများ စီးဆင်းခြင်း
- ကွင်းဆက်တွင် ပါဝင်သူများအကြား ငွေကြေး လွှဲပြောင်းမှုများ ဖြစ်ပွားခြင်း

**ကုန်ပစ္စည်းစီးဆင်းမှု**

- စိုက်ပျိုးသူများမှ ထုတ်လုပ်ထားသော ကုန်ပစ္စည်းများ စီးဆင်းခြင်း
- ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း

**သတင်းအချက်အလက်စီးဆင်းမှု**

- စိုက်ပျိုးသူများ၊ ကုန်သည်များ၊ ဝယ်ယူသူများအကြား သတင်းအချက်အလက်များ စီးဆင်းခြင်း
- ကုန်ပစ္စည်းများ၏ အရည်အသွေး၊ ပမာဏ၊ ဈေးနှုန်းများ ဆက်သွယ်ခြင်း
- တန်ဖိုးကွင်းဆက်တွင်ပါဝင်သူများ ပူးပေါင်းဆောင်ရွက်ရန် အထောက်အကူပြုခြင်း

# စိုက်ပျိုးရေးထုတ်ကုန်တန်ဖိုးကွင်းဆက်တောင့်တည်းခိုင်မာအောင်မြင်စေရန်

## တန်ဖိုးကွင်းဆက်ငွေကြေးဖြည့်ဆည်း ပံ့ပိုးပေးမှု (Value Chain Financing)

### စိန်ခေါ်မှုများ

- ငွေကြေးဖြည့်ဆည်းမှုအမျိုးအစားများသည် တန်ဖိုးကွင်းဆက်ကြီးတစ်ခုလုံး၏ လိုအပ်ချက်များ၊ အထူးသဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးသည့် လုပ်ကွက်ငယ် တောင်သူများ၏ လိုအပ်ချက်များကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ခြင်းနဲပါး
- တောင်သူများ၏ ငွေကြေးဖြည့်ဆည်းပံ့ပိုးမှုလိုအပ်ချက်များမှာ အလွန်ကြီးမားလျှက်ရှိ
- ပိုမိုအကျိုးအမြတ် ရရှိနိုင်မည့် ကောက်ပဲသီးနှံ သို့မဟုတ် နည်းပညာအသစ်များတွင် ရင်းနှီးမြှပ်နှံနိုင်ရန်အတွက် ငွေဖြစ်လွယ်မှုရှိဖို့ လိုအပ်၊
- သို့သော် တောင်သူများ တတ်နိုင်သည့် အတိုးနှုန်းဖြင့် ချေးငွေရရှိနိုင်မှု အကန့်အသတ် ရှိခြင်း၊ ငွေစုငွေချေးဝန်ဆောင်မှုများသည် စိုက်ပျိုးရေး၏ လိုအပ်ချက်များနှင့် ကိုက်ညီ မှုအားနည်းခြင်း၊ ငွေချေးယူနိုင်ရန် ပြည့်မီရမည့် သတ်မှတ်ချက်များ လိုက်မမီ နိုင်အောင် မြင့်မားခြင်းတို့ က ငွေဖြစ်လွယ်မှုကို အဟန့် အတားဖြစ်စေ
- လုံလောက်သည့် ငွေကြေးပံ့ပိုးမှုများကို လက်လှမ်းမီရရှိနိုင်မှု နည်းပါးလျှင် တန်ဖိုး နည်းသော သွင်းအားစုများ အသုံးပြုမှုခြင်း၊ သီးနှံအထွက်နှုန်း နည်းခြင်းနှင့် အရည် အသွေးမပြည့်မီသော သီးနှံများကိုသာ စိုက်ပျိုး ထုတ်လုပ်နိုင်ခြင်းတို့ ကြုံတွေ့ရ

### လိုအပ်ချက်များ

- ယှဉ်ပြိုင်နိုင်စွမ်းရှိ၍ ပြည်တွင်းနှင့်နိုင်ငံတကာဈေးကွက်များမှ တန်ဖိုးမြင့်နှင့် တန်ဖိုးဆင့်မြှင့်စိုက်ပျိုးရေးထုတ်ကုန် ဝယ်လိုအား ဖြည့်ဆည်းပေးရန်၊ ဝယ်လိုအားနှင့် ကိုက်ညီသည့် ရောင်းလိုအား ရရှိအောင် ပေါင်းစပ် ညှိနှိုင်းရန် အတွက် တောင်သူများ၊ ကုန်သည် များ၊ ပြုပြင်စီမံ ထုတ်ပိုးသူများ နှင့် လက်လီရောင်းချ သူများကြား ချိတ်ဆက်မှု အားကောင်းရန် ငွေကြေး ဖြည့်ဆည်း ပံ့ပိုးမှုလို
- တန်ဖိုးမြင့်နှင့် တန်ဖိုးဆင့်မြှင့်စိုက်ပျိုးရေးထုတ်ကုန် ပြောင်းလဲထုတ်နိုင်ဖို့ ဆိုလျှင် စိုက်ပျိုးရေးကုန်စည်စီးဆင်းမှု လမ်းကြောင်း၊ တန်ဖိုး ကွင်းဆက်များတွင် ကြီးမားသည့် ရင်းနှီးမြှပ်နှံမှုများ လိုအပ်

*Basu, Siddhartha, et al, 2020, "Agricultural Value Chain Finance in Myanmar." report published by the International Food Policy Research Institute, Washington, DC.*

# ငွေကြေးဖြည့်ဆည်းပံ့ပိုးမှုများ

"၂၀၂၃ ခုနှစ်မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးပေးမည့်အစီအစဉ်" မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

YOMA BANK | အပ်ငွေစာရင်းများ | ချေးငွေများ | ပရိုမိုးရှင်း | အခြားဝန်ဆောင်မှုများ | Our Blogs




**စိုက်ပျိုးရေးလုပ်ငန်းသုံးချေးငွေအကြောင်း**

စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများအတွက် လိုအပ်သော ချေးငွေကို ရယူနိုင်ပြီး လုပ်ငန်းလည်ပတ်မှု ကောင်းမွန်စေရန် ကူညီပံ့ပိုးပေးနိုင်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းသုံးချေးငွေတွင် ပါဝင်သော အမျိုးအစား ၆ မျိုးမှာ ကာလတို သီးနှံရာသီပေါ် ချေးငွေ (ဆန်စပါး)၊ ကာလတို သီးနှံရာသီပေါ် ချေးငွေ (ပြောင်း)၊ ပေးရန်ရှိ စိုက်ထုတ်ချေးငွေ၊ စိုက်ပျိုးမွေးမြူရေးသွင်းအားစု / ထွက်ကုန် အာမခံချေးငွေ၊ ရရန်ရှိ ကြိုတင်ထုတ်ချေးငွေ နှင့် အသေးစားနှင့် အလတ်စားစိုက်ပျိုးရေးလုပ်ငန်းသုံး ချေးငွေ ဖြစ်ပါသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မြစ်မိုးရောင်(သမဝါယမစီမံကိန်း)အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီစက်လုပ်ငန်းများအောင်မြင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိ

MINISTRY OF INFORMATION/ NAYPYITAW / AUGUST 21, 2024



- တန်ဖိုးကွင်းဆက် စနစ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးတွင် ငွေကြေးဖြည့်ဆည်းပံ့ပိုးမှုသည် အလွန်ပင် အရေးတကြီး လိုအပ်လျှက်ရှိပါသည်။ ကွင်းဆက်တစ်လျှောက်ရှိ ပါဝင်လုပ်ဆောင်သူများ၏ ငွေရေးကြေးရေး လိုအပ်ချက်များသည် အမျိုးမျိုးကွဲပြားမှုရှိသော်လည်း ငွေကြေးများကို လက်လှမ်းမီရရှိမှု တိုးပွားအောင်ဆောင်ရွက်ပေးရန်လိုအပ်သကဲ့လို့

- ငွေကြေးဖြည့်ဆည်းပံ့ပိုးမှု ချေးငွေကိုသုံးစွဲခွင့်ရကြမည့် တောင်သူလယ်သမားများနှင့် ကွင်းဆက်တွင်ပါဝင်သူများသည် အကျိုးရှိရှိထိထိရောက်ရောက် စီမံခန့်ခွဲကြရန်နှင့် အလေအလွင့်မရှိစေရေး ဂရုပြုဆောင်ရွက်ရန်လည်း အရေးကြီးပါသည်။

**ကျေးဇူးအထူးတင်ရှိပါသည်။**

Dr.theingimyint@yau.edu.mm

+959 250108681